**မင်္ဂလာ မနက်ခင်းပါ/ မင်္ဂလာ နေ့လည်ခင်းပါ၊**

တက္ကဆက်ပြည်နယ် ပညာရေး အေဂျင်စီ (Texas Education Agency, TEA) ရှိ ပြန်လည်သုံးသပ်ရေးနှင့် အကူအညီပေးရေးဌာန (The Department of Review and Support) သည် တက္ကဆက်ပြည်နယ် ပညာရေး အေဂျင်စီများ (LEAs) အတွက် အထူး ပညာရေး ဝန်ဆောင်မှုများကို တိုးတက်စေရန် ကြိုးပမ်းလျှက် ရှိပါသည်။ စောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်ကို ခရိုင်များရှိကျောင်းများအား ကျောင်းသားများအတွက် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ အပြုသဘောဆောင်သည့် ဝန်ဆောင်မှုများနှင့် ဦးဆောင်မှုများကို ဆက်တိုက် တိုးတက်စေရာတွင် ကူညီပေးရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။ ပညာရေးအတွက် ပါဝင်ပတ်သက်သူတစ်ဦး အနေနဲ့ အထူးပညာရေးတွင် ပါဝင်သကဲ့သို့ သင့်တုံ့ပြန်ချက်သည် ကျွန်ုပ်တို့၏ လုပ်ငန်းစဉ် တိုးတက်ဖွံ့ဖြိုးရေးကို အသိပေးရန် အရေးကြီးလှပါသည်။

ပြည်နယ် စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များတွင် အထူးပညာရေး မူဝါဒများနှင့် လုပ်ငန်းစဉ်များနှင့် မကိုက်ညီသည့် ဖက်ဒရယ် သို့မဟုတ် ပြည်နယ်များကို စုံစမ်းရှာဖွေခြင်း၊ အစီရင်ခံခြင်းနှင့် ပြင်ဆင်ခြင်းတို့ ပါဝင်ပါသည်။ စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များတွင် TEA မှ ခရိုင်ကိုယ်တိုင်မှ စိစစ်အကဲဖြတ်မှု၊ ကိုယ်တိုင် လာရောက် ကြည့်ရှုမှု သို့မဟုတ် အခြား လုပ်ငန်းစဉ်များလည်း ပါဝင်နိုင်ပါသည်။

သင့်ခရိုင်သည် ခွဲခြားထားသည့် စောင့်ကြည့်လေ့လာခြင်းနှင့် အကူအညီပေးရေး လုပ်ငန်းစဉ် (Differentiated Monitoring and Support) အထူးပညာရေးတွင် ပါဝင်နေပါသည်။ **ကျေးဇူးပြု၍ 10-20 မိနစ်အတွင်း ဆန်းစစ်လေ့လာချက်အတွက် တုံ့ပြန်ချက်ကို ပေးပါ**။ သတင်းအချက်အလက်သည် LEAs များ၏ သက်ဆိုင်ရာ စောင့်ကြည့်လေ့လာရေး ရလဒ်များအတွက် အချက်အလက်ပေးရန် ကျွန်ုပ်တို့ လုပ်ဆောင်နိုင်သည့် အလွန်အရေးပါသော အချက် ဖြစ်ပါသည်။

ဤလေ့လာဆန်းစစ်ချက်၏ ရည်ရွယ်ချက်မှာ သတင်းအချက်အလက်များ စုဆောင်း၍ တက္ကဆက်ပြည်နယ်ရှိ ခရိုင်အားလုံးအတွက် ထောက်ပံ့မှုများကို ပြင်ဆင်ရန် ဖြစ်ပါသည်။ သင့်ခရိုင်နှင့်ပတ်သက်သည့် သီးသန့် မှတ်ချက်များနှင့် ပူပန်မှုများဖြစ်သည့် အထူး စိတ်ပူပန်မှုများဖြစ်သည့် ပုဂ္ဂိုလ်ရေးရာများကို TEA မှ ခရိုင်များသို့ တစ်ဆင့် တင်ပြလိမ့်မည်မဟုတ်ဘဲ သင့်ကျောင်းခရိုင်သို့ တိုက်ရိုက် တင်ပြသင့်ပါသည်။

**ဒေတာ လျှို့ဝှက်ချက်**

TEA ကို စောင့်ကြည့်လေ့လာမှု လုပ်ငန်းစဉ်ကို ကူညီနိုင်ရန်အတွက် သင့်တုံ့ပြန်မှုများကို သီးသန့် သုံးသပ်သွားပါမည်။ သင့်မျှဝေလိုက်သော သတင်းအချက်အလက်များသည် တရားဥပဒေအရ ခွင့်ပြုထားသော အတိုင်းအတာအလျောက် လျှို့ဝှက်ချက်ဖြစ်ပါသည်။ ဆန်းစစ်လေ့လာချက်အပေါ် တုံ့ပြန်ချက်များသည် *အများပြည်သူ သတင်းအချက်အလက် အက်ဥပဒေ* တက္ကဆက် အစိုးရကုဒ်၊ အခန်း 552 အရ တောင်းဆိုလာလျှင် လူသိထင်ရှား ချပြနိုင်ပါသည်။

**ပူးပေါင်းပါဝင်ခြင်း သို့မဟုတ် ငြင်းဆိုခြင်း**

ဤလေ့လာမှုရှိ သင့်ပူးပေါင်းပါဝင်မှုမှာ ဆန္ဒအလျှောက်သာ ဖြစ်ပါသည်။ သင်မှ မည်သည့် မေးခွန်းမဆိုကို ငြင်းဆိုနိုင်ပြီး မည်သည့်အချိန်တွင်မဆို ပူးပေါင်းပါဝင်မှုမှ နှုတ်ထွက်ခွင့်ရှိပါသည်။

**လေ့လာဆန်းစစ်ချက်ကို ပြည့်စုံစေရန် အောက်ပါ လင့်ခ်ကို နှိပ်ပါ-**

ပညာရေးအတွက် ပါဝင်ပတ်သက်သူ လေ့လာ ဆန်းစစ်ချက်

သင့်တွင် မည်သည့် မေးခွန်းများ၊ မှတ်ချက်များ သို့မဟုတ် စိတ်ပူပန်မှုများမဆို ရှိလျှင် တက္ကဆက် ပညာရေး အေဂျင်စီ (Texas Education Agency) သို့
ဆက်သွယ်ပါပြန်လည် သုံးသပ်ရေးနှင့် အကူအညီပေးရေး ဌာန (Review and Support department) ကို
reviewandsupport@tea.texas.gov တွင် ဆက်သွယ်နိုင်ပါသည်။

လေ့လာဆန်းစစ်မှုအတွင်းတွင် စာရင်းပြုစုထားသော အရင်းအမြစ်များရှိ နောက်ထက် သတင်းအချက်အလက်များကို အလိုရှိပါက၊ ပြန်လည် သုံးသပ်ရေးနှင့် အကူအညီပေးရေး ဌာန (Review and Support department) ကို reviewandsupport@tea.texas.gov သို့ ဆက်သွယ်နိုင်ပါသည်။

ကျေးဇူးတင်ပါသည်။

Department of Review and Support
Texas Education Agency
reviewandsupport@tea.texas.gov
512-463-9414

TEA Texas Education Agency